Center for Diversity and National Harmony
Daily News Letter
No.(12), Shwe Li Street, Kamayut Township, Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၈၅) နေ့စွဲ။ ၁၇.၁၁.၂၀၁၅ (အင်္ဂါနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၁၇.၁၁.၁၅ | Daily Eleven Pg (2, 3) | ဒေါ်အောင်ဆန်းစုကြည် | **အစိုးရဖွဲ့ပါက ဝန်ကြီး၊ ဒုဝန်ကြီးရာထူးများကို စိတ်ကူးမယဉ်ကြရန် NLD လွှတ်တော်ကိုယ်စားလှယ်များအား ဒေါ်အောင်ဆန်းစုကြည် သတိပေး** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် အစိုးရဖွဲ့ပါက ဝန်ကြီး၊ ဒုဝန်ကြီးများကို စိတ်ကူးမယဉ်ကြရန် ဒေါ်အောင်ဆန်းစုကြည် NLD လွှတ်တော်ကိုယ်စားလှယ်များအား နိုဝင်ဘာ ၁၆ ရက်နေ့က သတိပေးပြောကြားခဲ့သည်။ ပြန်လည်ကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသည့် NLD ပါတီကိုယ်စားလှယ်လောင်းများအား လွှတ်တော်ဝင်းအတွင်းရှိ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရုံးတွင် တွေ့ဆုံပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဦးဝင်းထိန်က မီဒီယာများအား ပြောကြားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် နိုဝင်ဘာ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးတွင် နေရာအများစုအနိုင်ရရှိခဲ့ပြီး အစိုးရဖွဲ့ခွင့်ရရှိနေပြီဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် ရွေးကော်ပွဲအနိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုမှ ပါတီကိုယ်စားလှယ်လောင်းများနှင့် နိုဝင်ဘာ ၂၈ ရက်၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားမည်ဖြစ်သည်။ |
| ၂ | ၁၇.၁၁.၁၅ | 7 Day Daily No (920) p (9) | လွှတ်တော် | **ဥပဒေကြမ်းများ ပြီးပြတ်ရေး အဓိကထားရန် အမျိုးသားလွှတ်တော်အမတ်များအား ဦးခင်အောင်မြင့်တိုက်တွန်း** ပထမအကြိမ် လွှတ်တော်နောက်ဆုံးအစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဥပဒေကြမ်းများကို ပြီးပြတ်အောင်ဆောင်ရွက်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကပြောသည်။ လက်ရှိချိန်ထိ အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၃၃ ခု ရှိနေပြီး အမျိုးသား လွှတ်တော်တွင် ဆောင်ရွက်ဆဲ ၁၄ ခု၊ ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့်ဥပဒေကြမ်းတစ်ခု၊ ပြည်သူ့လွှတ်တော် |

| | | | | |
|---|---|---|---|---|
| | | | | က ပြင်ဆင်ချက်မရှိပေးပို့သည့် ဥပဒေကြမ်းနစ်ခု၊ အမျိုးသားလွှတ်တော်တွင်ဆွေးနွေးရန် ၁၆ ခုတို့ဖြစ်သည်။<br>ရဲနိုင် |
| ၃ | ၁၇.၁၁.၁၅ | 7 Day Daily No (920) p (9) | NLD | **ဒီချုပ်က နိုင်ငံရေး အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမည်**<br>ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲရလဒ်များကြေညာပြီးချိန် နိုင်ငံရေးအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကဆိုသည်။ NLD အဖွဲ့ချုပ်အနေဖြင့် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရပါက နိုင်ငံရေးအင်အားစုများနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းရွေးကောက်ပွဲမတိုင်မီတွင် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။ ရွေးကောက်ပွဲ ရလဒ်ကြောင့် အစိုးရသစ်ဖွဲ့နိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့်လည်း မိတ်ဖက်ဆက်ဆံရေးမျိုး ထားရှိရန်လိုကြောင်း ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကပြောသည်။<br>ရန်မျိုးနိုင် |
| ၄ | ၁၇.၁၁.၁၅ | The Voice Daily Vol (3) No (131) p (2) | NLD | **ဖက်ဒရယ် ဒီမိုကရေစီ စနစ် ထူထောင်နိုင်သည့်အချိန်ထိ NLD နှင့် ၈၈ မျိုးဆက် ငြိမ်း/ပွင့် ပူးပေါင်းမည်**<br>၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းအနေနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ပေါက်သည့်အချိန်ထိ NLD ပါတီနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းခေါင်းဆောင် ဦးဂျင်မီက ပြောသည်။ ၈၈ မျိုးဆက် ငြိမ်း/ပွင့်အဖွဲ့မှ ခေါင်းဆောင်အချို့အနေဖြင့် ပါတီထူ ထောင်ပြီး လွှတ်တော်နိုင်ငံရေးထဲသို့ ဝင်ရောက်မည်ဖြစ်သော်လည်း ၈၈ မျိုးဆက် ငြိမ်း/ ပွင့်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းအဖြစ်သာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ၈၈ ငြိမ်း/ပွင့် အဖွဲ့နှင့် NLD ပါတီတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးနှင့်ပတ်သက်၍လည်း ပူးပေါင်းလုပ်ဆောင်ခဲ့ပြီး ဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ပေါက်ရေးအတွက် နှစ်ဖက်ပူးတွဲလုပ်ဆောင်သွားမည်ဟု သဘောတူ ကြေညာချက် ထုတ်ပြန်ထားသည်။<br>ရန်ကုန် |
| ၅ | ၁၇.၁၁.၁၅ | Daily Eleven Pg (16, 17) | USDP | **ဧရာဝတီတိုင်း ရွေးကောက်ပွဲဆိုင်ရာဖြစ်ရပ်များနှင့် ပတ်သက်၍ တိုင်ကြားမှုများတွင် ပြည်ခိုင်ဖြိုးပါတီမှ အများဆုံးဖြစ်**<br>ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာဖြစ်ရပ်များနှင့် ပတ်သက်၍ တိုင်ကြားမှုအများဆုံးမှာ ပြည်ခိုင်ဖြိုးပါတီမှဖြစ်ကြောင်း တိုင်းဒေသကြီး |

| | | | | |
|---|---|---|---|---|
| | | | | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကပြောကြားသည်။ တိုင်ကြားမှု အရေအတွက်အတိအကျကို မသိရသေးသော်လည်း မှတ်တမ်းများအရ ပြည်ခိုင်ဖြိုးမှာ အများဆုံးဖြစ်ကြောင်း၊ တိုင်ကြားမှုအချို့မှာ သက်သေမခိုင်လုံခြင်း၊ ကော်မရှင်အနေဖြင့် ဖြေရှင်းပေးနိုင်ခြင်းမရှိဘဲ ရဲအရေးပိုင်သည့် အမှုများပါဝင်နေကြောင်း ဦးခင်အောင်မြင့်က ပြောသည်။ |
| ၆ | ၁၇.၁၁.၁၅ | Daily Eleven Pg (3) | ပါတီ | **NLD အနေဖြင့် အစိုးရဖွဲ့စည်းရာတွင် တိုင်းရင်းသားများ လက်ခံနိုင်သည့် ပြည်ထောင်စုအုပ်ချုပ်ရေးယန္တရား တည်ဆောက်နိုင်ပါက လူထုထောက်ခံမှု ဆက်လက်များနေမည်ဟု ဒေါက်တာအေးမောင်ပြော**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အစိုးရဖွဲ့စည်းရာ၌ တိုင်းရင်းသားများအားလုံး လက်ခံနိုင်သည့် ပြည်ထောင်စုအုပ်ချုပ်ရေးယန္တရား တည်ဆောက်နိုင်ပါက အဖွဲ့အချုပ်အား လူထုထောက်ခံမှုများ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ဒေါက်တာအေးမောင် နိုဝင်ဘာ ၁၆ ရက်နေ့ကပြောသည်။ သို့မဟုတ်ဘဲ ယခုအတိုင်း ဆက်လက်သွားမည်ဆိုပါက ပြည်သူလူထု၏ ထောက်ခံမှု ဆုံးရှုံးရလိမ့်မည်ဟုလည်း ၎င်းက ဆိုသည်။ အဖွဲ့ချုပ်အနေဖြင့် ဥပဒေပြုမဏ္ဍိုင်ကို ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း မဏ္ဍိုင်ကြီးသုံးရပ်ကို အပြန်အလှန်ထိန်းညှိပြီး ဒီမိုကရေစီလမ်းကြောင်းကို ခိုင်မာအောင်တည်ဆောက်မည်ဟု ခံစားရကြောင်း ဒေါက်တာအေးမောင်ကဆိုသည်။ |
| ၇ | ၁၇.၁၁.၁၅ | Tomorrow No (37) Vol (2) p (2) | ၈၈၈ | **၈၈ မျိုးဆက်များ နိုင်ငံရေးပါတီ တည်ထောင်တော့မည်**<br>၁၉၈၈ ခုနှစ်တွင် တစ်ပါတီအာဏာရှင်စနစ်၏ လက်အောက်သို့ကျရောက်နေသော မြန်မာနိုင်ငံအား နိုင်ငံရေးအပြောင်းအလဲပုံစံသစ် ရရှိစေရန်အတွက် တက္ကသိုလ် ကျောင်းသားများဦးဆောင်ပြီး ဒီမိုကရေစီအရေးတော်ပုံကြီးကို စတင်ခဲ့ကြသည်။ ၁၉၈၈ စက်တင်ဘာ ၁၈ ရက်တွင် တပ်မတော် မှ အာဏာသိမ်းယူပြီးနောက် ကျောင်းသားများသည် နယ်စပ်ဒေသများသို့ တိမ်းရှောင်ခဲ့ပြီး ပြည်တွင်းရှိ ကျောင်းသားခေါင်းဆောင် အများစုမှာ ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံခဲ့ရသည်။ ၈၈ မျိုးဆက်ပါတီ တည်ထောင်ရာတွင် ပါဝင်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်း သားဟောင်းများအဖွဲ့၊ ၈၈ ပွင့်လင်းလူ့ဘောင်သစ်ပါတီများနှင့် ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦးတို့အားဆွေးနွေးရန် ဖိတ်ခေါ်မည့်အစီအစဉ်ရှိကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးသက်ဦးကပြောသည်။ ရေရှည်နိုင်ငံရေးပုံစံအရ ၈၈ မျိုးဆက်များ စုစည်းပြီး နိုင်ငံရေးပါတီတစ်ခုအဖြစ် ရည်တည်သွားရန် ဆွေးနွေးမှုများပြုလုပ်မည်ဟု ဦးကိုကိုကြီးမှ ပြောသည်။ |

| | | | | |
|---|---|---|---|---|
| ၈ | ၁၇.၁၁.၁၅ | The Messenger Pg (5) | တပ်မတော် | **တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှ ထွက်ခွာသွားဖို့ ဆန္ဒမရှိ၊ NLD အနေဖြင့် တပ်မတော်နှင့် ညှိနှိုင်း ဆောင်ရွက်မည်ကို သံသယမရှိ**<br>မြန်မာ့တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှ ထွက်ခွာသွားရန် ဆန္ဒမရှိကြောင်းနှင့် NLD အနေဖြင့်တပ်မတော်၏ဆန္ဒကိုလိုက်လျောကာ ဂုဏ်သိက္ခာရှိရှိ အလျှော့အတင်းလုပ်ပြီးမှ ညှိနှိုင်းဆောင်ရွက်မည်ကို သံသယမရှိကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက နိုဝင်ဘာ ၁၆ ရက်နေ့က ပြောကြားသည်။ လွှတ်တော်အစည်းအဝေးမစမီ သတင်းမီဒီယာများ၏ မေးမြန်းမှုအား ၎င်းကတပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန်ဆန္ဒမရှိကြောင်း၊ ယင်းကို ပြင်ဆင်ရန် အဓိကကြိုးစားပါက တပ်မတော်နှင့်ဖြစ်စေ၊ ကျန်သည့်နိုင်ငံရေးပါတီအချို့နှင့်ဖြစ်စေ အပေးအယူ၊ အလျှော့အတင်းလုပ်သည့်အခါ အတားအဆီးဖြစ်လာနိုင်ကြောင်း၊ ကာလတစ်ခုအထိ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှု၊ စေတနာနှင့် သဘောတရားများကို နားလည်လာသည့်အခါတွင် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံပြင်ဆင်ရေးကို လိုလိုလားလား လိုက်လျောနိုင်မည့် အခြေအနေကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သူရဦးအောင်ကိုက သုံးသပ်ပြောကြားသည်။<br>MDN |
| ၉ | ၁၇.၁၁.၁၅ | The Voice Daily Vol (3) No (131) p (3) | ငြိမ်းချမ်းရေး | **တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုတွင် UPWC က ကြားဝင်ညှိနှိုင်း မှု အားနည်းသည်ဟု SSPP/SSA ထုတ်ပြန်**<br>တပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် SSPP/ SSA တို့အကြား တိုက်ပွဲဖြစ်ပွားမှုတွင် UPWC အနေနှင့် ကြားဝင်ညှိနှိုင်းဆောင်ရွက်မှု အားနည်းသည်ဟု ရှမ်းပြည် တိုးတက်ရေးပါတီ SSPP/ SSA က သတင်းထုတ်ပြန်သည်။ တိုက်ပွဲဖြစ်စဉ်များကို UPWC ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခဲ့သလို လူချင်းတွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး ဖြစ်သည်ဟု SSPP မှ သတင်းထုတ်ပြန်သည်။ UPWC ဥက္ကဋ္ဌများဖြစ်သော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စိုးသိန်းဇော်နှင့် အဖွဲ့ဝင် ဦး ခင်မောင်စိုးတို့ထံ တွေ့ဆုံညှိနှိုင်းတင်ပြခဲ့ပြီးသော်လည်း တိုက်ပွဲများ ရပ်တန့်သွားခြင်း မရှိသည့်အပြင် SSPP တပ်ဖွဲ့များကို ကြည်း၊ လေ နှစ်ဖက်ညှပ်ကာ တိုက်ခိုက်ခဲ့သည်ဟု SSPP အဖွဲ့ကပြောသည်။ တိုက်ပွဲများဖြစ်ပွားရခြင်းမှာလည်း SSPP မှ တပ်မတော်တပ်ရင်းဌာနချုပ်များနှင့် တပ်ဌာနချုပ်များကို SSPP အဖွဲ့က အကြိမ်ကြိမ်လာရောက်ပစ်ခတ်သော |

| | | | | |
|---|---|---|---|---|
| | | | | ကြောင့် တပ်မတော်အနေနှင့် တန်ပြန်တိုက်ခိုက်မှုများနှင့် နယ်မြေရှင်းလင်းမှုများ ပြုလုပ်ရခြင်းဖြစ်သည်ဟု တပ်မတော်က သတင်းထုတ်ပြန်သည်။ SSPP/ SSA ၏ ဝမ်ဟိုင်းဌာနချုပ် အပါအဝင် မိုင်းရှူး၊ မိုင်းနောင်၊ ပိန်းကောက်အပါအဝင် နေရာအသီးသီးတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး အောက်တိုဘာ ၆ ရက်မှ ယနေ့အထိ နှစ်ဖက်တိုက်ပွဲပေါင်း ၇၀ ကျော် ဖြစ်ပွားခဲ့သည်ဟု SSPP/ SSA အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းဆုက သတင်းထုတ်ပြန်သည်။<br>ရန်ကုန် |
| ၁၀ | ၁၇.၁၁.၁၅ | The Voice Daily Vol (3) No (131) p (9) | ငြိမ်းချမ်းရေး | **နာဂလက်နက်ကိုင်အဖွဲ့ကို အကြမ်းဖက် အဖွဲ့အစည်းအဖြစ် အိန္ဒိယကြေညာ**<br>မြန်မာနိုင်ငံဘက်ခြမ်းတွင် အခြေစိုက်ပြီး မြန်မာ- အိန္ဒိယ နယ်စပ်တွင် ထိန်းချုပ်လှုပ်ရှားသော နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ခပ်ပလန်အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန က နိုဝင်ဘာ ၁၆ ရက်တွင် ကြေညာလိုက်ကြောင်းနယူးဒေလီအခြေစိုက် F.INDIA သတင်းဌာနတစ်ခုတွင်ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံ ၁၉၆၇ ခုနှစ် ဥပဒေမဲ့ပြုမှုဆောင်ရွက်မှုများဥပဒေအရ မြန်မာနိုင်ငံဘက်အခြမ်းတွင် အခြေစိုက်သော အက်စ်အက်စ်ခက်ပလန် ခေါင်းဆောင်သည့် NSCN-K အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်း တစ်ခုအဖြစ် ကြေညာကြောင်းဖော်ပြထားသည်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်အနီး အိန္ဒိယဘက်ခြမ်းရှိ မဏိပူရ်ပြည်နယ်၊ ချန်ဒေးလရိုင်အတွင်း အိန္ဒိယတပ်မတော်မှ လုံခြုံရေးဆောင်ရွက်နေသောယာဉ်တန်းကို ဇွန်လပထမပတ်အတွင်း နာဂလက်နက်ကိုင် တပ်ဖွဲ့ NSCN-K အဖွဲ့က ခြုံခိုတိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံးခဲ့သည်ဟုဆိုသည်။ ထို့နောက် NSCN-K အဖွဲ့ကို ဥပဒေဘောင်အတွင်းမရှိသော အဖွဲ့အစည်းအဖြစ် အိန္ဒိယနိုင်ငံက သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာသည်။<br>ရန်ကုန် |
| ၁၁ | ၁၇.၁၁.၁၅ | Tomorrow No (37) Vol (2) p (8) | ငြိမ်းချမ်းရေး | **လက်ရှိအစိုးရသက်တမ်းတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်အား ဆက်လက်လုပ်ဆောင်သွားမည်**<br>တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုဝင်ဘာ ၁၃ ရက်တွင် မြန်မာငြိမ်းချမ်းရေးစင်တာတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရာတွင်ပြောသည်။ လက်ရှိ အစိုးရသက်တမ်းမှာ ၂၀၁၆ မတ်လကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် |

| | | | | |
|---|---|---|---|---|
| | | | | အနိုင်ရရှိသည့် ပါတီမှ အစိုးရသစ်တက်မည်ဖြစ်သည့်အတွက် အစိုးရသစ်အနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ယခုတည်းက အခြေခံအုတ်မြစ်ချကာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။<br>ပိုင်လေး |
| ၁၂ | ၁၉.၉.၁၅ | ပြည်မြန်မာ အမှတ် (၉၉၉) Pg (7) | ငြိမ်းချမ်းရေး | **SSA ဝမ်ဟိုင်းနှင့် တိုက်ပွဲမှာ NCA လက်မှတ်မထိုးသောကြောင့် မဟုတ်ဘဲ စည်းကမ်းမလိုက်နာမှုကြောင့်ဟု ဦးရဲထွဋ် ပြော**<br>ရှမ်းပြည်နယ်အတွင်း တပ်မတော်နှင့် SSA ဝမ်ဟိုင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေရခြင်းမှာ NCA ၌ လက်မှတ်မထိုးခဲ့သောကြောင့်မဟုတ်ဘဲ နှစ်ဖက်သဘောတူခဲ့ပြီးသား စည်းကမ်းကို ဝမ်ဟိုင်းဘက်က လိုက်နာမှုမရှိခဲ့သောကြောင့်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က နိုဝင်ဘာ ၁၅ ရက်နေ့က နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲတွင် ပြောသည်။ နိုဝင်ဘာ ၁၅ ရက်နေ့က နိုင်ငံတော်သမ္မတနှင့် ပါတီများတွေ့ဆုံခဲ့ရာတွင် တိုက်ပွဲများကြောင့် ပြည်သူများအတိဒုက္ခရောက်နေရမှုကို ပါတီများက တင်ပြခဲ့ကြသည်။ ရှမ်းပြည်နယ်အတွင်း တပ်မတော်နှင့် SSPP/SSA တို့အကြား ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ဒေသခံအများအပြား ထွက်ပြေးတိမ်းရှောင်နေရသည်။ |
| ၁၃ | ၁၇.၁၁.၁၅ | DEMOCRACY Today အတွဲ (၂) အမှတ် (၁၁၁) Pg (2) | CSO | **ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ကိုယ်စားလှယ်လောင်းများ နှင့် တက်ကြွလှုပ်ရှားသူများ ပူးပေါင်းပြီး အရပ်ဘက်အဖွဲ့အစည်း ထူထောင်မည်**<br>အစိုးရသစ်အဖွဲ့အား ထိန်းကျောင်းရန်နှင့် လုပ်ငန်းစဉ်များတွင်ကူညီနိုင်ရန် ရည်ရွယ်၍ ရွေးကောက်ပွဲတွင် အနိုင်မရခဲ့သည့် ကိုယ်စားလှယ်လောင်းများနှင့် ကဏ္ဍအသီးသီးတွင် တက်ကြွစွာပါဝင်လှုပ်ရှားနေသည့် အဖွဲ့အစည်းအသီးသီးပါဝင်မည့် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းသွားမည်ဟု သိရသည်။ ယင်းအဖွဲ့အစည်းအား လက်ရှိတွင် Political Monitoring and Evaluation Society of Myanmar (PMESM) ဟု ယာယီအမည်ပေးထားပြီး ကဏ္ဍအသီးသီးမှ လှုပ်ရှားနေကြသည့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားများ၊ ဒီမိုကရက်တစ်အင်အားစုများ၊ အတိုက်အခံအင်အားစုများ ပူးပေါင်းကာ တတိယအင်အားစုအဖြစ် ရပ်တည်မည်ဖြစ်သည်ဟု ယင်းအဖွဲ့တွင်ပါဝင်မည့်သူများမှသိရသည်။ အမျိုးသားအကျိုးစီးပွားကိုအခြေခံကာ ပြည်သူလူထု၏ အကျိုးဖြစ်ထွန်းမှုကို ရည်ရွယ်လုပ်ဆောင်မည်ဖြစ်ပြီး ကဏ္ဍအလိုက် ကျွမ်းကျင်သူများ ပါဝင်လှုပ်ရှားကြမည်ဖြစ်သည်။<br>HM |

| | | | | |
|---|---|---|---|---|
| ၁၄ | ၁၇.၁၁.၁၅ | Tomorrow No (37) Vol (2) p (2) | Other | **ABSDF တောတွင်းပြန် ရခိုင်ကျောင်းသားတစ်ဦး ပထမဆုံး ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးဖြစ်လာ**<br>မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF ၉၀၁ တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးဦးသန်းနိုင်သည် နိုဝင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး တောတွင်းပြန်ကျောင်းသားများထဲမှ ပထမဆုံး ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးဖြစ်လာခဲ့သည်။ ဦးဦးသန်းနိုင်သည် ၁၉၈၈ က စစ်တွေကောလိပ်တွင် ဒုတိယနှစ် ရုက္ခဗေဒအဓိကဖြင့် ပညာသင်ခဲ့ပြီးရသေ့တောင်မြို့နယ် ကျောင်းသားသမဂ္ဂတွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ တပ်မတော်မှ အာဏာသိမ်းပြီးနောက် ဘင်္ဂလားဒေ့ရှ်သို့ တိမ်းရှောင်ခဲ့ပြီး ABSDF ကျောင်းသားတပ်မတော် ရခိုင်စစ်ဒေသတွင် ဗဟိုကော်မတီဝင်တစ်ဦး ဖြစ်လာခဲ့ပြီးပြန်ကြားရေးတာဝန်ယူခဲ့သည်။ |
| ၁၅ | ၁၇.၁၁.၁၅ | 7 Day Daily No (920) p (3) | Other | **စင်ကာပူနိုင်ငံ ငွေလဲကောင်တာအချို့တွင် မြန်မာကျပ်ငွေစတင်လဲလှယ်ပေး**<br>စင်ကာပူနိုင်ငံရှိ ငွေလဲ ကောင်တာအချို့တွင် မြန်မာငွေများ လက်ခံလဲလှယ်ပေးနေပြီဖြစ်ကြောင်းသိရသည်။ စင်ကာပူနိုင်ငံ Yew Tee Square ရှိ China Town ရှိ ငွေလဲကောင်တာအချို့တွင် မြန်မာငွေများကို နိုဝင်ဘာ ၁၄ ရက်မှ စတင်လဲလှယ်ပေးနေပြီဖြစ်ကြောင်း စင်ကာပူရောက်မြန်မာများကပြောသည်။ စင်ကာပူတွင် ယင်းသို့ မြန်မာငွေများ လဲလှယ်ပေးခြင်းသည် ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပါတီအနိုင်ရရှိမှုကြောင့်ဖြစ်နိုင်ကြောင်း စင်ကာပူရောက်မြန်မာများကပြောသည်။ နိုဝင်ဘာ ၁၆ ရက်က Nanayam ငွေလဲဆိုင်တွင် မြန်မာငွေ ဝယ်ယူပါက စင်ကာပူ တစ်ဒေါ်လာလျှင် ၇၀၀ ကျပ် သတ်မှတ်ထားပြီး မြန်မာငွေပြန်ရောင်းပါက စင်ကာပူတစ်ဒေါ်လာလျှင် ၉၀၀ ကျပ် သတ်မှတ်ထားကြောင်း ကိုလင်းအောင်ကပြောသည်။ နိုဝင်ဘာ ၁၆ ရက်က စင်ကာပူ ဈေးနှုန်းသည် ၉၁၁ ကျပ် ရှိသည်။<br>ငြိမ်းချမ်း |
| ၁၆ | ၁၇.၁၁.၁၅ | Daily Eleven Pg (5) | Other | **အစာငတ်ခံဆန္ဒပြမှုအား ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပြီးသည့် အချိန်အထိရွှေ့ဆိုင်းပေးရန် နိုင်ငံရေးအဖွဲ့အစည်းအချို့ မေတ္တာရပ်ခံ**<br>အကျဉ်းထောင်အတွင်း အစာငတ်ခံ ဆန္ဒပြနေသော ကျောင်းသားများနှင့် ဝန်းရံပြည်သူအချို့အနေဖြင့် ဆန္ဒပြမှုအား ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပြီးသည့်အချိန်အထိ ရွှေ့ဆိုင်းပေးရန် မေတ္တာရပ်ခံကြောင်း နိုင်ငံရေးအဖွဲ့အစည်း ကိုးဖွဲ့မှ နိုဝင်ဘာ ၁၆ ရက်နေ့က ပူးတွဲကြေညာချက်ထုတ်ပြန်လိုက်သည်။ ကျောင်း |

| | | | | |
|---|---|---|---|---|
| | | | | သားများ၏ ဆန္ဒပြတောင်းဆိုချက်များသည် တရားမျှတသော တောင်းဆိုချက်များဖြစ်သည်ဟု လက်ခံယုံကြည်ကြောင်း၊ သို့သော်လက်ရှိအချိန်သည် ပြည်သူလူထုမှ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေးကို မျှော်လင့်စိုးရိမ်နေကြောင်း၊ ထို့ပြင် အစာငတ်ခံဆန္ဒပြသူများကိုလည်း ပြည်သူလူထုမှ စိုးရိမ်ပူပန်လျက်ရှိသောကြောင့် ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို အချိန်အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်ရန်အတွက် ယခုကဲ့သို့ မေတ္တာရပ်ခံခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ကြေညာချက်အား နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့၊ ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း၊ ညီညွတ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် လွှတ်တော်ပြင်ပနိုင်ငံရေးအဖွဲ့အစည်း ကိုးဖွဲ့တို့မှ ပူးတွဲထုတ်ပြန်ခြင်းဖြစ်သည်။ |

**ONLINE NEWS**

**U THEIN SEIN**

**“အာဏာသိမ်းပါလို့ လူပုံအလည်မှာ ပြောတာကို ဦးသိန်းစိန်က ခွင့်ပြုသတဲ့လား”(ဆောင်းပါး)**

17.11.2015

NLD ၏ရပ်တည်ချက်သည်  ပြည်တောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အချုပ်အခြာ အာဏာပိုင်မှုကို နိုင်ငံရေးအရ နှင့်စစ်ရေးအရထိပါးစော်ကားမှုများ ရှိနေပြီဟုဦးကောင်းမြတ်ထွဋ်မှဂုဏ်းတို့ မြန်မာအမျိုးသားကွန်ဂရက်ပါတီက မှတ်ယူသောကြောင့် သမ္မတကြီးအနေဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော မြန်မာနိုင်ငံသားများအပေါ် ရင်ဝယ်သားကဲ့သို့ သက်ညှာ စောင့်ရှောက် သောအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ အချက်များနှင့်အညီ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းကာ ဖြစ်သင့်ဖြစ်ထိုက်သည်များ ဆောင်ရွက် ထိုက်သည်များကို စတင်နိုင်ရန် ရှိသေလေးစားစွာ ပန်ကြား အပ်ပါသည်ဟု သမ္မတနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲတွင် တောင်းဆိုလိုက် သည် ။ယခုကဲ့သို့တောင်းဆိုမှုအား ဆောင်းပါးရှင်စည်သူအောင်မြင့်မှယခုကဲ့သို့လူထုထောက်ခံမှု လုံး၀ မရ ထားသည့် ပါတီ များအား ပြည်သူ ထောက်ခံမှု ရသည့် ပါတီများနှင့်  တစ်တန်းတည်းထားပြီး ဆက်ဆံခြင်းမှာ အစိုးရ၏ မှုမမှန်သည့် လုပ်ရပ်ဖြစ်ပြီး ယခုကဲ့သို့ တိုင်းပြည် အတွက် အလွန်အန္တရယ်များသည့်စကား ပြောဆိုခဲ့ခြင်း သည်လည်း သမ္မတ ပြောခွင့်ရ အပါအဂင် အစိုးရဘက်က တစ်စုံတစ်ရာမှသဘောထား ထုတ်ဖော်ပြောဆိုခြင်းမရှိခြင်းသည်လည်းရိုးသားမှုမရှိဟုယူဆနိုင်ကြောင်း။ ဦးသိန်းစိန် အစိုးရအနေဖြင့် လူထု ထောက်ခံမှု လုံး၀ မရှိသည့် ပါတီများမှ တိုင်းပြည်မတည်မငြိမ်ဖြစ်စေရန်ပြောဆိုမှုများ အားလျစ်လျူရှုသည့်လုပ်ရပ်များ ရပ်တန်း သင့် ကြောင်း သုံးသပ်တင်ပြထား သည်။ စည်သူအောင်မြင့်

http://mizzimaburmese.com/article/7508#sthash.TLizhh0R.dpuf

## DAW AUNG SAN SU KYI

### သီရိလင်္ကာဝန်ကြီးချုပ်မှ ဒေါ်အောင်ဆန်းစုကြည်ထံ ဂမ်းမြောက်ကြောင်း စာချွန်တော် ပေးပို့

17.11.2015

မကြာသေးခင်က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင်အပြတ်အသတ် အောင်ပွဲခံသည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သီရိလင်္ကာ ဝန်ကြီးချုပ် Ranil Wickremesinghe က ချီးကျူးဂုဏ်ယူကြောင်း အမှာစကား ပြောကြားလိုက်ပါသည်။အဆိုပါ အမှာစာတွင် ဒေါ်အောင်ဆန်းစုကြည်၏နှစ်ပေါင်းများစွာဒီမိုကရေစီအတွက် မဆုတ်မနစ်ငြိမ်းချမ်းသည့်နည်းဖြင့် အနစ်နာခံမှုက ဒေါ်အောင်ဆန်းစုကြည်နှင့်ပါတီအတွက်အပြတ်အသတ်အောင်ပွဲကို ပေးအပ်ခဲ့ ပါသည်။ပြည်သူ ပေးလိုက်သည့် ပြတ်သားသောဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံကို တိုးတက်ကြီးပွားချမ်းသာ လာစေဖို့ လမ်းပြ ပေးရန် ဒေါ်အောင်ဆန်းစုကြည် ၏ ခေါင်းဆောင်မှု အပေါ်  ပြည်သူ ပြည်သား များ နက်နက် ရှိုင်းရှိုင်း ယုံကြည်အားကိုးမှုကို ပြသနေပါသည်ဟု ရေးသားထားသည်။

http://www.colombopage.com/archive_15B/Nov14_1447515097CH.php

## PEACE/ARM CONFLICT

### ဒုတိယအကြိမ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်ဆဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင် ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

ဒုတိယအကြိမ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်ဆဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်း အစည်းအဝေးအား နိုဝင်ဘာလ ၁၇ရက် Horizon Lake View ဟိုတယ်တွင် ကျင်းပခဲ့ပြီးအဆိုပါဆွေးနွေးပွဲအား တခါး ပိတ် ဆွေးနွေး သွားမည်ဖြစ်ပြီး ဆွေးနွေးသည့် အကြောင်း အရာများအား ထုတ်ပြန်သွားမည် ဖြစ်ကြောင်းပြော သည်။ ညှိနှိုင်းအစည်းအဝေးသို့နိုင်ငံတော်အစိုးရအဖွဲ့၊လွှတ်တော်နှင့် တပ်မတော်မှကိုယ်စားလှယ်များ၊NCAလက်မှတ်ရေးထိုး ထားကြ သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်ကိုယ်စားလှယ်တစ်ဦးစီနှင့် အကြံပေးသုံးဦးစီ ပါဝင်တက်ရောက်ခဲ့သည်။Eleven Media Group

### ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်အရေး NLD ဆောင်ရွက်နိုင်မယ်လို့ UWSA မျှော်လင့်

15.11.2015

UWSA ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့အနေဖြင့် NLDပါတီဖွဲ့စည်းမည့်အစိုးရသည်စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရေး နှင့် တိုင်းရင်းသား များ မျှော်မှန်းနေသည့် ဖယ်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင် ရေး ဆောင်ရွက်နိုင် လိမ့်မည် ဟု မျှော်လင့်ထားသော်လည်း ရလဒ်များကို စောင့်ကြည့်ရဦးမှာဖြစ်ကြောင်း  UWSA ပြန်ကြားရေး တာဝန်ခံမှ  RFA အား ပြောပါသည်။

http://www.rfa.org/burmese/news/uwsa-hopes-nld-peace-federal-11152015120401.html

## မိုးညှင်းအနီး တိုက်ပွဲများတွင် KIA စခန်းတချို့ ဆုတ်ခွာပေးရ

17.11.2015

နှစ် ၃၀ အတွင်း ပထမဦးဆုံး အကြိမ်အနေဖြင့် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်တပိုက်တွင် တပ်မတော်နှင့် (KIA) တို့အကြား တိုက်ပွဲဖြစ်ပွား နေသည်မှာ ၄ ရက်ခန့်ရှိပြီဖြစ်ပြီး KIAတို့၏ တပ်မဟာ(၈)၊ ဌာနချုပ်နှင့် ရှေ့တန်းတပ်စခန်းတချို့ဆုတ်ခွာပေးလိုက်ရပြီဟုKIA၏ပြောရေးဆိုခွင့်ရှိသူဦးလနန်ကပြော သည်။ တိုက်ပွဲအတွင်း တပ်မတော်ဘက်မှ နိုဝင်ဘာလ ၁၆ ရက်တွင် လေယာဉ်ကို စတင် အသုံးပြုခဲ့ခြင်း ဖြစ်သည်ဟုပြောသည်။တိုက်ပွဲမှာ နိုဝင်ဘာ ၁၄ ရက်တွင် စတင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး နစ်ဖက်တပ်များ အပြန်အလှန် ပစ်ခတ်နိုင်သည့် အခြေအနေမျိုး ဖြစ်ခဲ့ခြင်းမရှိ ဘဲ တပ်မတော်ဘက်မှ ရုတ်တရုတ် ထိုးစစ်ဆင်လာခြင်း ဖြစ်သည်ဟု ဦးလနန်က ပြောသည်။

http://burma.irrawaddy.org/news/2015/11/17/101693.html

http://burmese.voanews.com/content/kachin-independencs-army-fighting-with-burmese-army/3059868.html

**ELECTION**

## အနိုင်ရပါတီနှင့် အစိုးရအဖွဲ့ တိုင်ပင်ဆောင်ရွက်ကြ ရန် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ တိုက်တွန်း

15.11.2015

ရွေးကောက်ပွဲ အပြီး ကာလ တိုင်းပြည် တည်ငြိမ်ရေး အနိုင်ရ ပါတီနှင့် လက်ရှိ အစိုးရ တိုင်ပင် ညှိနှိုင်းဆောင်ရွက်ကြရန် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးကတိုက်တွန်းပြောဆိုပါသည်။ထို့အပြင် ရွေးကောက်ပွဲအပြီးတရားမဲ့ပြုကျင့်မှုများနှင့် ပတ်သက်ပြီး ကန့်ကွက်တိုင်ကြားမှုများ ကို လည်း ကော်မရှင်အနေဖြင့် လွတ်လပ်ပွင့်လင်းမှုရှိရှိစီရင်ဆုံးဖြတ်ပေးသွားမည် ဖြစ်ကြောင်းဦးတင်အေးက ပြောဆိုခဲ့သည်။

**http://www.rfa.org/burmese/news/election-commission-holds-press-conference-11152015112624.html**

## ရှမ်းပြည်နယ်လွှတ်တော်တွင် ကြံ့ခိုင်ရေးပါတီ အနိုင်ရ

16.11.0215

ရွေးကောက်ပွဲ တရားဝင် မဲရလဒ်များ အရ ရှမ်းပြည်နယ် လွှတ်တော်တွင် အာဏာရ ပြည်ခိုင်ဖြိုး ပါတီမှမဲအများစုဖြင့် အနိုင်ရသွားပါ သည်။ရှမ်းပြည်နယ်လွှတ်တော်တွင် ကြံ့ခိုင်ရေးမှ၃၂ နေရာ၊ ရှမ်းတိုင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က၂၅ နေရာနှင့် NLD မှ ၂၄ နေရာဖြင့် အနိုင်ရသွားပါ သည်။ အဆိုပါရလဒ်အရ ရှမ်းပြည်နယ်လွှတ်တော်တွင် ကြံ့ခိုင်ရေးပါတီသည် တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း နှင့် ပေါင်းကာ လွှတ်တော် ကိုယ်စားလှယ် အားလုံး၏ ထက်ဝက်ကျော်ဖြင့် အင်အားကောင်းကောင်း ရှိနေမည် ဖြစ်သည်။ထို့ကြောင့် ရှမ်းပြည်နယ်လွှတ်တော် တွင်ရွေးကောက်ပွဲ အနိုင်ရပြီးတက်လာမည့်အစိုးရကိုထိန်းကြောင်းသွားနိုင်လိမ့်မည် ဟုဖက်ဒရယ် ပြည်ထောင်စု ပါတီ ဥက္ကဋ္ဌ ဦးစောသန်းမြင့်က သုံးသပ်ပြောထားသည်။ **http://burmese.dvb.no/archives/122823**

**Bush လူငယ်ခေါင်းဆောင်သင်တန်းဆင်း လွှတ်တော်အမတ် အရွေးခံရ**

7.11.2015

သမ္မတဟောင်း George W.Bush ကသူ့ရဲ့ Bush Institute မှာဖွင့်ထားတဲ့ Liberty and Leadership သင်တန်းကို တက်ရောက်ခဲ့ သည့် မထူးမေ သည် ၂၀၁၅ ရွေးကောက်ပွဲ အတွင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) တွင် ရခိုင်အမျိုးသား ပါတီ ANP ၏ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အဖြစ် အရွေးချယ်ခံ ရ သည်။ မြန်မာ နိုင်ငံ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သမ္မတဟောင်း George W.Bush မှ ချီးကျူးဂုဏ်ပြုသည့်အပေါ် မထူးမေကကြိုဆိုပြီး Bush Institute မှ သင်ယူခဲ့သည့် Liberty and Leadership သင်တန်းများသည်သူ့၏ နိုင်ငံရေးဘဝတွင်တိုက်ရိုက် အသုံးဝင်ပြီးအကျိုးပြုသည်ဟုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်မထူးမေကဆိုပါသည်။2014တွင်Bush Institute မှ စတင်ခဲ့သည့် Liberty and Leadershipသင်တန်းကို2015 ခုနှစ်အတွက်မြန်မာနိုင်ငံမှ လူငယ်တချို့တက်ရောက် စေခဲ့ပါသည်။ by ကိုညဏ်ဝင်းအောင်

http://burmese.voanews.com/content/bush-center-scholar-win-election/3061219.html

**ရွေးကောက်ပွဲ အနိုင်ရ ကိုယ်စားလှယ်တွေ အမှုဖွင့်ခံရ**

16.11.2015

နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်တွင် အနိုင်ရထားသည့် ကိုယ်စားလှယ်လောင်းအား မဲရုံမှူးမှ ရွေးကောက်ပွဲ ကျင်းပ သည့် မဲရုံအတွင်း နှောင့်ယှက်မှုဖြင့် အမှုဖွင့်လိုက် ပါတယ်။အမှုဖွင့် ခံရသူက အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီ အစိုးရ ဝန်ကြီး ဦးမြင့်လှိုင်အား နိုင်ခဲ့သူ ဦးသန့်စင်ထွန်း ဖြစ်ပါ သည်။ ရွေးကောက်ပွဲ မတိုင်ခင် ပြိုင်ဖက် ကြံ့ခိုင်ရေး ပါတီမှ ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်သည်ဟု အမှုဖွင့် တိုင်ကြားခဲ့ ခြင်းဖြစ်ပြီး လာမည့် ၂၃ ရက်နေ့ တွင် စစ်ဆေးမည်ဖြစ်သည်။

**http://www.bbc.com/burmese/burma/2015/11/151116_election_complaint?ocid=socialflow_facebook**

**USDP**

**ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူများကို စိတ်မကွက်ရန် ဦးဌေးဦး ပြော**

17.11.2015

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အနေဖြင့် ရွေးကောက်ပွဲ ရလာဒ်နှင့် ပတ်သက်၍ ပြည်သူများအပေါ် စိတ်ပျက်၊ စိတ်ကွက်မှုမဖြစ်ရန်ပထမအကြိမ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ယခုလ ၁၅ရက်နေ့တွေ့ဆုံပွဲတွင် ဦးဌေးဦး က ပြောကြား သည်။၎င်းမှ ပြည်သူများ၏ အဆုံး အဖြတ်ကို နာခံရမည် ဖြစ်ပြီး ပြည်သူအပေါ် စိတ်မပျက် ရန်စိတ်မကွက်

ရန်လိုသည် ။ပါတီမှပြည်သူ အကျိုးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်းဆက်လက်ဆောင်ရွက်ကြရန်လိုပါသည်ဟု ဦးဌေးဦး ကပြောကြောင်း USDP Facebook စာမျက်နှာတွင်ဖော်ပြထား သည်။ မီဒီယာ တစ်ဦး တစ်ယောက်မှ ပြည်ခိုင်ဖြိုးဘက် တွင် မရှိကြောင်း ပြည်ခိုင်ဖြိုး ရှုံးနိမ့်ခဲ့ရသည့် အားနည်းချက်များထဲတွင်လည်း ယင်းအချက်က အဓိက ပါဝင်နေသည်ဟုလည်းပြောသည်။

**Popular News Journal**

**The Irrawaddy (Burmese Version)**

## ပြည်ခိုင်ဖြိုးပါတီ ကျဆုံးရခြင်း အကြောင်းရင်း သူရဦးအောင်ကို ပြောကြား

17.11.2015

ဩဂုတ် ၁၂ ရက်နေ့ ပြည်ခိုင်ဖြိုးပါတီဌာနချုပ်အား ရဲတပ်ဖွဲ့လက်နက်ကိုင်အင်အားဖြင့် ဝင်ရောက်သိမ်းပိုက်ပြီး ဥက္ကဋ္ဌ နေရာဖယ်ရှားမှုလုပ်သည့် လုပ်ရပ်သည် ပြည်ခိုင်ဖြိုးပါတီရှုံးရသည့် အဓိကအချက် ဖြစ်ပါတယ်။ပြည်သူ့ပါတီဖြစ်သည့် အတွက်ပြည်သူ့အကျိုးလုပ်ရမည်ဖြစ်သော်လည်းမလုပ်ခဲ့ဘဲ ပထမသက်တမ်းလွှတ်တော်အတွင်းပြည်သူ့အကျိုးစီးပွား ထက် လူပုဂ္ဂိုလ်တဦးတယောက်အဖွဲ့အစည်းတခု၏ အကျိုးစီးပွားကိုကာကွယ်ခြင်း ပိုပြီးလုပ်ဆောင်ခဲ့ခြင်းသည်လည်း တနိုင်ငံလုံးက သိနေသောအကြောင်းဖြစ်သည်။ ခေါင်းဆောင်များအား စိတ်ဝမ်းကွဲစေကာ အခွင့်အရေးစောင့်နေသော သူများကြောင့် ပါတီရှုံးခဲ့ရကြောင်းကို News Watch သို့ ပြောကြားခဲ့ သည်။ရင်းအနေဖြင့် ပြည်ခိုင်ဖြိုးတွင် တာဝန်များ မရှိတော့ သော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် ဖော်ဆောင်မည့် မည်သည့် အဖွဲ့အစည်း ပုဂ္ဂိုလ်မဆို ကမ်းလှမ်းလာပါက နိုင်ငံအကျိုးအတွက် ဆောင်ရွက်ဖို့အစီအစဉ်ရှိပါကြောင်း ပြောကြားခဲ့သည်။ထွန်း(နေပြည်တော်)

News Watch(စောင့်ကြည့်သတင်းဂျာနယ်)

## NLD

## ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အနိုင်ရ NLD လွှတ်တော် ကိုယ်စားလှယ်များ ရန်ကုန်မြို့၌ နိုဝင်ဘာ ၂၈ ရက်တွင် တွေ့ဆုံမည်

17.11.2015

ထိုထုတ်ပြန်ချက်အရဒေါ်အောင်ဆန်းစုကြည် သည် နိုဝင်ဘာ၂၈ရက် တွင်အနိုင်ရ လွှတ်တော် ကိုယ်စား လှယ်များနှင့် တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ပြီးထိုတွေ့ဆုံဆွေးနွေးမှုများကို ရန်ကုန်မြို့တော်ဝင်နှင်းဆီ စားသောက်ဆိုင်ရှိ သီရိခန်းမတွင် ပြုလုပ်သွားမည် ဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဝင်းမြင့် မှယခုအောက်မြန်မာပြည်အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များနှင့် အရင်တွေ့ပြီး အထက်မြန်မာပြည် ကိုယ်စားလှယ် များနှင့် နောက် တစ်ပတ်ခြားတွင်တွေ့မည် ဟု ပြောကြားသည်။

http://goo.gl/z9VuGX

## NLD အပေါ် တိုင်းရင်းသား ပါတီများ ယုံကြည်မှု နည်းသွားစေသည်ဟု ပြော

16.11.2015

ရွေးကောက်ပွဲတွင်NLD တစ်နိုင်ငံလုံးမှ အနိုင်ရသွားခြင်း သည် တိုင်းရင်းသား ပါတီများ၏ ယုံကြည်မှု ကို လျော့နည်းသွားစေပြီး တိုင်းရင်းသားနိုင်ငံရေးပါတီများပြည်နယ်ဒေသများတွင် ပြင်ဆင်ထားသည့်ခံစစ်ကြောင်းကို ချိုးဖျက်လိုက်ခြင်းဖြစ်သည် ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးမောင်မှယနေ့ နေပြည်တော် လွှတ်တော်ခန်းမ၌ RFAကိုပြောပါသည်။အစိုးရဖွဲ့သည့်အခါတိုင်းရင်းသားများ၏တောင်းဆိုမှုအားထင်ဟပ်မည်ဆိုလျှင်လူထုယုံကြည်မှုပြန်ရနိုင်မည်ဟု ယူဆကြောင်းလည်း ဒေါက်တာအေးမောင်က ပြောပါ သည်။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် NLD အများစုနိုင်သွားသည်ကို ဝမ်းသာ သော်လည်း စိုးရိမ်စရာအခြေအနေ ဟု ဒေါက်တာ ဗညားအောင်လည်း ပြောပါသည်။

[http://www.rfa.org/burmese/news/ethnic-parties-possible-less-confidence-nld-11162015065006.html](http://www.rfa.org/burmese/news/ethnic-parties-possible-less-confidence-nld-11162015065006.html)

**N.L.D ကိုမဲပေးတဲ့သူတွေဟာ လူပိန်းတွေပါဟု( N.D.F) ဒေါ်တင်နွယ်ဦး ပြောဆို**

17.11.2015

"ရွေးကောက်ပွဲရလဒ်ကတော့ ဗမာပြည်က သူတွေရဲ့ အဆင့်အတန်းနဲ့ အရည်အချင်းကိုပြလိုက်တာပဲ။ လူတွေက တန်ရာတန်ရာအစိုးရပဲရမယ်။လူပိန်းတွေများကြတာ နောက်တခုက ပြည်ခိုင်ဖြိုးပါတီကိုမပေးချင်တာနဲ့ ဒီဘက်ကို ပုံအောပေးတယ်လို့ယူဆပါတယ်။" ဟု ဒဂုံမြို့သစ်မြောက်ပိုင်း လွှတ်တော်ကိုယ်စားလှယ်ဒေါ်တင်နွယ်ဦးက R.F.A မြန်မာပိုင်းအစီအစဉ်တွင်ပြောကြားလိုက်သည်။

[https://soundcloud.com/burmeserfa/delszzpdonwj](https://soundcloud.com/burmeserfa/delszzpdonwj)

**RAKHINE NEWS**

**မောင်တောမြို့နယ်တွင် တရားမဝင် ဝင်ရောက်နေထိုင်သူတစ်ဦး ပုန်းအောင်းနေသည့်နေအိမ်မှ လက်နက်များသိမ်းဆည်းရမိ**

16.11.2015

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သံဒါကျေးရွာအုပ်စု ဒုသံဒါကျေးရွာနေ ရှားအာလောင် (၂၈ နှစ်)၏နေအိမ်၌ နိုဝင်ဘာ ၁၅ ရက် ည ၁၂ နာရီခွဲခန့်က မသင်္ကာဖွယ်ရာ လူစိမ်းတစ်ဦး ရောက်ရှိ နေကြောင်း သတင်းအရ လှည့်ကင်း ဆောင်ရွက်နေသည့် အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ကျေးရွာလုံခြုံရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍စစ်ဆေးရာ နေအိမ် ဧည့်ခန်း၌ မြန်မာနိုင်ငံသား မဟုတ်သူနူအာလောင်(၂၂နှစ်)ထို့နောက်နေအိမ်အားဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်အိပ်ခန်းအတွင်တွင် အမည်းရောင် ခါးပတ်အိတ်နှင့် အတူ USA စာတန်းပါ အရှည်ရှစ်လက်မခန့်ရှိ ဆုံလည် လုပ်သေနတ်တစ်လက်၊ အရှည်လေးလက်မသံဖြင့်ပြုလုပ်ထားသည့်ဂျင်ကလိချောက်ချောင်းနှင့်တစ်ဖက်နိုင်ငံသုံး Simcard ပါလက်ကိုင်ဖုန်းတစ်လုံးတို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရှားအာလောင်အား အလယ်သံကျော်နယ်မြေရဲစခန်းမှအမှုဖွင့် အရေးယူခဲ့သည်။

http://www.thithtoolwin.com/2015/11/blog-post_206.html

## OTHER

## ကမ္ဘာ့အလှူအတန်း အရက်ရောဆုံးနိုင်ငံများ စာရင်းတွင် မြန်မာသုံးနှစ်ဆက် ထိပ်ဆုံးရပ်တည်

17.11.2015

မြန်မာနိုင်ငံသည် ကမ္ဘာတွင် အလှူအတန်း အရက်ရောဆုံး နိုင်ငံများ စာရင်း၌သုံးနှစ် ဆက်တိုက်ပထမနေရာရပ်တည်ခဲ့ကြောင်း လန်ဒန်အခြေစိုက် Charitable Aid ဖောင်ဒေးရှင်း CAF က ထုတ်ပြန်သည့် ကမ္ဘာ့အလှူဒါနညွှန်းကိန်း စစ်တမ်း ၂၀၁၅ တွင် ဖော်ပြသည်။ အဆိုပါ စစ်တမ်းမှာ Gallup သုတေသနအဖွဲ့နှင့် CAF တို့ ပူးပေါင်းကောက်ယူသည့် စစ်တမ်းဖြစ်သည်။Gallup သုတေသနအဖွဲ့သည် ယခုစစ်တမ်းအတွက် အချက်အလက်ဒေတာများကိုအလှူဒါနအဖွဲ့အစည်းနှင့်ထိုနယ်ပယ်များတွင် လုပ်ကိုင်နေသော လူပေါင်း တစ်သိန်းခွဲကျော်အား အင်တာဗျူးပြုလုပ်ရယူထားခြင်းဖြစ်သည် ။

https://en.wikipedia.org/wiki/World_Giving_Index

## နိုင်ငံခြားအရန်ငွေလျော့နည်းနေခြင်းကြောင့် ဗဟိုဘဏ်ငွေလဲနှုန်းမြင့်တက်

17.11.2015

ရွေးကောက်ပွဲကာလတွင်ဗဟိုဘဏ်က တရားဝင်သတ်မှတ်သောငွေလဲနှုန်းဆက်လက် မြင့်တက်နေခြင်းသည်နိုင်ငံခြားအရန်ငွေ လျော့နည်း လာခြင်းကြောင့် ဖြစ်ကြောင်း ဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသော စီးပွား ရေးလုပ်ငန်း ရှင်များက သုံးသပ် သည်။နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဇူလိုင် ၁ ရက်သတင်းထုတ်ပြန်ချက်တွင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု သည် မျှော်လင့်ထားသည် ထက် လျော့နည်းနေ သဖြင့် ဗဟိုဘဏ် ၌ နိုင်ငံခြား အရန်ငွေ  ပမာဏမှ သွင်းကုန်တန်ဖိုး၏ သုံးလအတွက် (ဒေါ်လာလေးဘီ လီယံခန့်)သာရှိသည်ကို ဖော်ပြ ထားသည်။

http://www.7daydaily.com/story/51104

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။